မြို့နယ်စည်ပင်သာယာရေးအဖွဲ့
စာအမှတ်.........
ရက်စွဲ.........
တောင်ငူမြို့

ပဲခူးတိုင်းဒေသကြီး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
တောင်ငူမြို့

# အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချသည့်ကြော်ငြာစာ

ကြော်ငြာစာအမှတ် ( ၁ /၂၀၂၄)
ရက်စွဲ။ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်
၁၃၈၆ ခုနှစ်၊ နတ်တော်လ ၁၃ ရက်

၁။ တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် (၂၀၂၅ခုနှစ် ဧပြီလ(၁)ရက်မှ ၂၀၂၆ခုနှစ် မတ်လ (၃၁)ရက်နေ့အထိ (၁)နှစ်တာကာလ)အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ပွဲတွဲပါဇယားအတိုင်း သားသတ်လိုင်စင်များနှင့် မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်မှအပ အပေါင်ဆိုင် လိုင်စင်များအား သက်တမ်းတိုးစနစ်နှင့် ကျန်လိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဖွဲ့မှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီသူ မည်သူမဆို အောက်ပါအစီအစဉ်အတိုင်း လာရောက်ဆွဲဝယ်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

**အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချသည့်အစီအစဉ်**

| စဉ် | ရောင်းချမည့် အစီအစဉ် | ရောင်းချမည့်နေ့ရက်နှင့် အချိန် | POP ပေးသွင်းပြီး လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံး နေ့ရက်/အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၁၃-၁-၂၀၂၅ (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ | ၁၀-၁-၂၀၂၅ (သောကြာနေ့) ညနေ (၁၆း၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |
| ၂ | ဒုတိယအကြိမ် | ၂၀-၁-၂၀၂၅ (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ | ၁၇-၁-၂၀၂၅ (သောကြာနေ့) ညနေ (၁၆း၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |
| ၃ | တတိယအကြိမ် | ၂၇-၁-၂၀၂၅ (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ | ၂၄-၁-၂၀၂၅ (သောကြာနေ့) ညနေ (၁၆း၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |
| ၄ | ချိတ်ပိတ်တင်ဒါ | ၃-၂-၂၀၂၅ (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ | ၃၁-၁-၂၀၂၅ (သောကြာနေ့) ညနေ (၁၆း၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |
| ၅ | အခြားနည်း | ၁၀-၂-၂၀၂၅ (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ | ၇-၂-၂၀၂၅ (သောကြာနေ့) ညနေ (၁၆း၀၀)နာရီ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ |

**လေလံရောင်းချမည့်နေရာ** **တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ**

၃။ လိုင်စင်ဆွဲဝယ်သူသည် အောက်ပါအချက်များအားလုံးနှင့် ကိုက်ညီမှသာ လိုင်စင်ဆွဲဝယ်ခွင့်ရှိရမည်။

(က) လိုင်စင်စည်းကမ်း၊ ညွှန်ကြားချက်များနှင့်ကိုက်ညီသူ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ အိမ်ထောင်စု၊ လူဦးရေ(လဝကပုံစံ-၆၆/၆)စာရင်း(မူရင်း)ကိုပါတင်ပြနိုင်သူဖြစ်ရမည်။

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းကို တင်ပြနိုင်သော အသက် (၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) အခွန်၊ အခ ကြွေးကျန်မရှိသူ ဖြစ်ရမည့်အပြင် အမှုအခင်းနှင့် ပြဿနာများ ကင်းရှင်းသူဖြစ်ရမည်။

၄။ ကိုယ်စားလှယ်လွှဲစာ ( Special Power )ဖြင့် လွှဲအပ်တင်ပြခြင်းအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ အောက်ပါပုဂ္ဂိုလ်များအား လိုင်စင်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။

(က) အမည်ပျက်စာရင်း တင်သွင်းကြော်ငြာ၍ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် လိုင်စင်ဆွဲဝယ်ခွင့် ပိတ်ပင်ခံထားရသူများ၊ ၎င်းနှင့်အတူနေ အိမ်ထောင်စုစာရင်းဝင် ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အတွင်း လိုင်စင်ပိတ်ခြင်းခံရသူများ

(ခ) လေလံရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့် ရက်လွန်ဒဏ်ကြေးငွေ ပေးဆောင်ရန်နှင့် အခြား အခွန်၊ အခ၊ အကောက် ကြွေးကျန်ရှိသူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသူများ၊

၆။ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ် (၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ (၁)နှစ်တာ ကာလ)အတွက် တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လေလံတင်ရောင်းချမည်ဖြစ်သော အရပ်ရပ်အခွင့်အရေး လိုင်စင်များအတွက် ကြိုတင်တင်သွင်းထားရှိရမည့် သတ်မှတ်ထားသော စားပွဲတင်အာမခံငွေများကို သတ်မှတ် ထားသည့် နေ့ရက်များအတိုင်း နောက်ဆုံးထား၍ လေလံဆွဲဝယ်သူမှ တောင်ငူမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပုဂ္ဂလိက စာရင်းရှင် အပ်ငွေ ဖွင့်လှစ်၍ စားပွဲတင်အာမခံငွေအဖြစ် ပေးသွင်းရမည့် ငွေရပ်ပါအတိုင်း အမှုဆောင် အရာရှိ၊ ရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့်(P.O.P)(Payment Order Private) ကို လေလံလျှောက်လွှာနှင့်အတူ စားပွဲတင်အာမခံငွေ တင်သွင်းမှုအထောက်အထားအဖြစ် တင်ပြရမည်။ နောက်ကျ တင်သွင်းသည့် လျှောက်လွှာနှင့် စားပွဲတင်အာမခံငွေ (P.O.P)(Payment Order Private)များအား လက်ခံ စဉ်းစားမည်မဟုတ်ပါ။

၇။ လိုင်စင်ဆွဲဝယ်သူသည် လိုင်စင်ကြေး ကျပ်(၂၀)သိန်းအောက်ဖြစ်ပါက အကြေပေးသွင်းရမည်။

၈။ လေလံမအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လေလံပွဲ ပြီးဆုံးပြီး (၁၀)ရက်ကြာမှ ပြန်လည်ထုတ်ပေး မည်ဖြစ်ပြီး လိုင်စင်အောင်မြင်သူများ၏ ၎င်းအာမခံအပ်ငွေများကို လိုင်စင်စည်းကမ်းနှင့်အညီ ပေးသွင်းရမည့် လေလံ ကြေးမှ ခုနှိမ်၍ အာမခံငွေ(၁၀ ပုံ ၁ ပုံ)နှင့် လိုင်စင်ကြေး(၅ ပုံ ၁ ပုံ) (သို့မဟုတ်) (၂ ပုံ ၁ ပုံ) (တိုင်းဒေသကြီးပြင်ပ) (သို့မဟုတ်) လိုင်စင်ကြေးအကြေပေးသွင်းငွေများကို (P.O.P)များတွင် ပေးသွင်းရမည်။ အရစ်ကျလိုင်စင်ကြေးများ အတွက် တိုင်းဒေသကြီးအတွင်း ဆွဲဝယ်သူဖြစ်ပါက (၈)ရစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးပြင်ပမှဆွဲဝယ်သူဖြစ်ပါက (၄)ရစ်ဖြင့်လည်းကောင်း အကြေပေးသွင်းရမည်။

၉။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်များ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်လျှောက်ထားသူ၏ ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူ။

(ခ) စည်ပင်သာယာရေးဆိုင်ရာ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်နှင့် အခြားမြို့နယ်မှ ဖြစ်ပါက အမည်ပျက်စာရင်းတင်သွင်းကြေညာခံရသူမဟုတ်ကြောင်း သက်ဆိုင်ရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ထောက်ခံချက်၊

(ဂ) စားပွဲတင်အာမခံတင်သွင်းထားသည့် အထောက်အထား ငွေထုတ်ယူခွင့်အမိန့်(P.O.P) (Payment Order Private)၊

(ဃ) သက်ဆိုင်ရာ လိုင်စင်တစ်ခုချင်းစီအတွက် ကြမ်းခင်းဈေးတန်ဘိုးထက် လျော့နည်းခြင်းမရှိသည့် မရွေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦ၊ အိမ်၊ မြေ)နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခိုလုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ (အိမ်၊ မြေ၊ ဂရန် စသည့်မူရင်း အထောက်အထားများ) (သို့)ဆွဲဝယ်ရရှိသူပိုင် ငွေစုလက်မှတ်မူရင်း၊ ငွေစုစာအုပ်မူရင်း၊

(င) အာမခံတင်သွင်းသည့် (အဆောက်အဦ၊ အိမ်၊ မြေ)၏ ရှေ့နောက်၊ ဝဲ/ယာ ဓါတ်ပုံ(၄)ပုံ၊

(စ) မြေပိုင်ဆိုင်ကြောင်း အဆောက်အဦ၊ မြေတည်ရှိရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဆ) သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တန်ဘိုးဖြတ် စိစစ်ရေးအဖွဲ့၏ စိစစ်တင်ပြချက်အပေါ် အမှုဆောင်အရာရှိ ထောက်ခံချက်ပါ မြေ၊ အိမ်၊ အဆောက်အဦ၏ ကာလတန်ဘိုးစိစစ်ချက်၊

(ဇ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊

(ဈ) လိုင်စင်ဆွဲဝယ်သူသည် ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံချက်၊

၁၀။ သတ်မှတ်ချိန်ထက် ကျော်လွန်နောက်ကျမှ တင်သွင်းလာသော လျှောက်လွှာများအား မည်သည့်အကြောင်းနှင့်မျှ လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ လိုင်စင်ဆွဲဝယ်စဉ်အတွင်း လေလံဈေးနှုန်းမြင့်တက်လာ၍ လိုအပ်သည့် စားပွဲတင်အာမခံငွေကို ထပ်မံပေးသွင်းရန် လေလံတင်ရောင်းချရေးအဖွဲ့က ထပ်မံညွှန်ကြားလာပါက လိုအပ်သောငွေကို ငွေသားဖြင့် ထပ်မံတင်သွင်းရမည်။ တင်သွင်းနိုင်ခြင်းမရှိပါက လေလံဆွဲဝယ်ခွင့် ပယ်ဖျက်ခြင်းခံရမည့်အပြင် တင်သွင်းထားသည့် စားပွဲတင်အာမခံငွေအား သိမ်းယူခြင်းခံရမည်။

၁၂။ အခွင့်အရေးလိုင်စင်များ တစ်ခုချင်း ရောင်းချခြင်းကို လိုင်စင်ဆွဲဝယ်ခွင့် လျှောက်လွှာအမည်စာရင်း တင်သွင်းသူကိုယ်တိုင် ဆွဲဝယ်ရမည်။ မည်သည့် အကြောင်းပြချက်နှင့်မျှ ကိုယ်စားလှယ်ဖြင့် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။ အမှန်တကယ် ဆွဲဝယ်လုပ်ကိုင်မည့်သူများအား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ဝင်ရောက်ဆွဲဝယ်ခြင်းကိုမူ ခွင့်ပြုမည်မဟုတ်သည့်အပြင် တွေ့ရှိက အလုပ်ဝတ္တရားနှောက်ယှက်မှုဖြင့် အရေးယူခြင်းခံရမည်။

၁၃။ အခွင့်အရေးလုပ်ငန်းလိုင်စင်များအား လိုင်စင်တစ်ခုချင်းအလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ လိုင်စင်အမျိုးအစားအလိုက် သက်တမ်းတိုးစနစ်၊ အညီအမျှခွဲဝေချထားသည့်စနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရမှတစ်ပါး မည်သည့်ပုဂ္ဂိုလ် အသင်းအဖွဲ့ကိုမျှ တိုက်ရိုက်ရောင်းချခြင်းမပြုပါ။

၁၄။ လေလံဆွဲဝယ်ခွင့် လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအား လည်းကောင်း၊ လေလံခန်းမအတွင်း လိုင်စင်တစ်ခုချင်းစီအား (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ တင်သွင်းထားသော စားပွဲတင်အာမခံငွေကို အဖွဲ့ပိုင်အဖြစ် သိမ်းယူပြီး အမည်ပျက်စာရင်း တင်သွင်းသွားမည်။ သို့ရာတွင် (၃)ကြိမ်မပြည့်မီ ယှဉ်ပြိုင်ဆွဲဝယ်မည့် လေလံကြေးသည် ကြမ်းခင်းဈေး၏ (၅၀%)နှင့် အထက်မြင့်တက်ပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုမည်။

E/ST/3

၁၅။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်နေစဉ်အတွင်း ပန်းကြေးရယူကြောင်း ထင်မြင်ယူဆပါက လေလံရောင်းချရေးအဖွဲ့ အနေဖြင့် လေလံရောင်းချခြင်းအား ပယ်ဖျက်ပြီး နောက်တစ်ကြိမ် ပြန်လည်ရောင်းချသွားမည်။ ယင်းသို့ဆောင်ရွက်ချက်ကို လေလံအမှုတွဲတွင် မှတ်တမ်းတင်ထားရှိမည်။

၁၆။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူ တောင်းခံကြောင်း တိကျစွာ ဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့် ပန်းကြေးရယူသူ နှစ်ဦးစလုံးအား လိုင်စင်ဆွဲဝယ်ခွင့်ကို ရုတ်သိမ်းပြီး ၄င်းတို့အသီးသီးတင်သွင်းထားသော စားပွဲတင် အာမခံငွေများကို အဖွဲ့ပိုင်အဖြစ် သိမ်းယူမည်။ ထို့အပြင် ၄င်းတို့အား အမည်ပျက်စာရင်းတင်သွင်းကြေညာမည်။ လိုင်စင်ချထားပြီးဖြစ်ပါက လိုင်စင်ကို ပြန်လည်ရုတ်သိမ်း၍ အသစ်တစ်ဖန် ပြန်လည်ရောင်းချမည်။

၁၇။ လိုင်စင်ဆွဲဝယ်ယှဉ်ပြိုင်သူ တစ်ဦးတစ်ယောက်သည် လိုင်စင်ဆွဲဝယ်ရရှိသည့်တိုင် ၄င်းအနေဖြင့် လိုင်စင် ဆွဲဝယ်ရာတွင် သတ်မှတ်ထားသော လိုင်စင်စည်းကမ်းများနှင့် မကိုက်ညီဘဲ မမှန်မကန် လိမ်ညာ၍ ဆွဲဝယ်ရခြင်း ဖြစ်ကြောင်း ခိုင်လုံစွာ စစ်ဆေးတွေ့ရှိရပါက လိုင်စင်ချထားခြင်းကို ပြန်လည်ရုတ်သိမ်း၍ စည်းကမ်းများနှင့်အညီ ပြန်လည် ရောင်းချမည်။ ထို့အပြင် တင်သွင်းထားသော အာမခံငွေများကို အဖွဲ့ပိုင်အဖြစ် သိမ်းယူ၍ အမည်ပျက် စာရင်းတင်သွင်းသတ်မှတ်မည်။

၁၈။ လေလံရောင်းချသည့် မြို့ရွာဝင်ကုန်စည်ခွန်၊ မြို့တွင်းရပ်နားဘီးခွန်နှင့် ယာဉ်ရပ်နားစခန်းဝင်ကြေးလိုင်စင် များအား လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်မှုရှိခြင်း၊ လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ၄င်းလိုင်စင်(၃)ခုအား ပူးတွဲရောင်းချမည်ဖြစ်ပါသည်။

၁၉။ လေလံရောင်းချသည့် အင်ဒိုင်းဈေးကောက်၊ ကျွန်းကုန်းဈေးကောက်၊ ကေတုမတီမြို့သစ်ဈေးကောက်၊ အင်ဒိုင်းဈေးစက်ဘီးအပ်လိုင်စင်များအား လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ၄င်းလိုင်စင်(၄)ခု အား ပူးတွဲရောင်းချမည်ဖြစ်ပါသည်။

၂၀။ လိုင်စင်စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်ငူမြို့၊ ဖုန်းအမှတ်-၀၅၄-၂၈၂၃၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း နိုင်ပါသည်။

(လက်မှတ်)

အမှုဆောင်အရာရှိ

(ထွန်းဇော်မိုး၊ ဒုတိယညွှန်ကြားရေးမှူး)

စာအမှတ်၊ ၂၃၁၂ /ဃ-၂/တင-၁(၀၀၁)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

**ဖြန့်ဝေခြင်း**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအားလုံး------------------- မြို့

အုပ်ချုပ်ရေးမှူး(                )ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၊ တောင်ငူမြို့ (မိမိရပ်ကွက်အတွင်းအသိပေးကြော်ငြာ ပေးပါရန်)

အုပ်ချုပ်ရေးမှူး(              )ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၊ ကေတုမတီမြို့ (မိမိရပ်ကွက်အတွင်းအသိပေးကြော်ငြာ ပေးပါရန်)

ဈေးတာဝန်ခံများအားလုံး(မြို့မဈေးကြီး၊ ဘုရင့်နောင်ဈေး၊ဓါတုကလျာဈေး၊ နှစ်ထပ်ဈေး၊ ကုန်စိမ်းဈေး၊ အင်ဒိုင်း ဈေး၊ ကေတုမတီဈေး(ကြော်ငြာသင်ပုန်းတွင်ကြော်ငြာပေးပါရန်)

လေလံဆွဲဝယ်မည့်လိုင်စင်စီများအားလုံး

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ တောင်ငူမြို့
ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ တောင်ငူမြို့
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ငူမြို့
မြို့အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကေတုမတီမြို့
ရုံးလက်ခံ/ မျှောစာတွဲ

E/ST/5

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် (၂၀၂၅ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၂၆ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိ တစ်နှစ်တာကာလ) အတွက် ဈေးပြိုင်စနစ်ဖြင့် ဆောင်ရွက်မည့်

အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လေလံတင်ရောင်းချမည့် လုပ်ငန်းအမျိုးအစား | အရေအတွက် | ကြမ်းခင်းဈေး (ကျပ်) | စားပွဲတင် အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဘုရင့်နောင်ဈေးကောက် | ၁ | ၂၃၅၂၀၂၀၀ | ၁၁၇၆၀၁၀၀ | ဈေးပြိုင်စနစ် |
| ၂ | ဓါတုကလျာဈေးကောက် | ၁ | ၂၅၈၅၀၀၀ | ၁၂၉၂၅၀၀ | ဈေးပြိုင်စနစ် |
| ၃ | အင်ဒိုင်းဈေးကောက် | ၁ | ၂၅၁၉၀၀၀ | ၁၂၅၉၅၀၀ | ဈေးပြိုင်စနစ်ဖြင့် ပူးတွဲရောင်းချမည် |
| ၄ | ကျွန်းကုန်းဈေးကောက် | ၁ | ၁၄၀၂၅၀၀ | ၇၀၁၂၅၀ | |
| ၅ | ကေတုမတီမြို့သစ်ဈေးကောက် | ၁ | ၅၇၃၁၀၀၀ | ၂၈၆၅၅၀၀ | |
| ၆ | အင်ဒိုင်းဈေးစက်ဘီးအပ် | ၁ | ၃၃၀၀၀၀ | ၁၆၅၀၀၀ | |
| ၇ | ဘုရားဈေးကောက် | ၁ | ၃၂၆၁၅၀၀၀ | ၁၆၃၀၇၅၀၀ | ဈေးပြိုင်စနစ် |
| ၈ | နွားပွဲဈေးကောက် | ၁ | ၃၂၅၆၀၀၀ | ၁၆၂၈၀၀၀ | ဈေးပြိုင်စနစ် |
| ၉ | မြို့ကြီး-ပေါင်းလောင်းတိန်ကူးတို့ | ၁ | ၆၈၂၀၀၀ | ၃၄၁၀၀၀ | ဈေးပြိုင်စနစ် |
| ၁၀ | ဗမာဝတီး-ရှမ်းဝတီးကူးတို့ | ၁ | ၅၁၁၅၀၀ | ၂၅၅၇၅၀ | ဈေးပြိုင်စနစ် |
| ၁၁ | သာယာကုန်း-ရှမ်းဝတီးကူးတို့ | ၁ | ၂၇၅၀၀၀ | ၁၃၇၅၀၀ | ဈေးပြိုင်စနစ် |
| ၁၂ | ခပေါင်းဝ-သရက်တောကူးတို့ | ၁ | ၈၈၀၀၀၀ | ၄၄၀၀၀၀ | ဈေးပြိုင်စနစ် |
| ၁၃ | ဒိုးအင်း-ပဒဲ(တောင်+မြောက်ပိုင်း)ကူးတို့ | ၁ | ၂၆၀၁၅၀၀ | ၁၃၀၀၇၅၀ | ဈေးပြိုင်စနစ် |
| ၁၄ | ဆင်ရွာ-ရွာတန်းရှည်ကူးတို့ | ၁ | ၇၈၇၆၀၀၀ | ၃၉၃၈၀၀၀ | ဈေးပြိုင်စနစ် |
| ၁၅ | ဈေးကြီးငါးတန်းမိလ္လာ | ၁ | ၈၁၇၃၀၀၀ | ၄၀၈၆၅၀၀ | ဈေးပြိုင်စနစ် |
| ၁၆ | ဈေးကြီးစက်တန်းမိလ္လာ | ၁ | ၇၅၉၀၀၀၀ | ၃၇၉၅၀၀၀ | ဈေးပြိုင်စနစ် |
| ၁၇ | ညောင်ပင်လေးဈေးမိလ္လာ | ၁ | ၆၉၃၀၀၀၀ | ၃၄၆၅၀၀၀ | ဈေးပြိုင်စနစ် |
| ၁၈ | ဘုရင့်နောင်ဈေးမိလ္လာ | ၁ | ၁၄၉၆၀၀၀၀ | ၇၄၈၀၀၀၀ | ဈေးပြိုင်စနစ် |
| ၁၉ | ဘုရားဈေးမိလ္လာ | ၁ | ၁၅၁၂၅၀၀ | ၇၅၆၂၅၀ | ဈေးပြိုင်စနစ် |
| ၂၀ | နှစ်ထပ်ဈေးရှေ့မိလ္လာ | ၁ | ၂၅၈၅၀၀၀ | ၁၂၉၂၅၀၀ | ဈေးပြိုင်စနစ် |

| စဉ် | လေလံတင်ရောင်းချမည့် လုပ်ငန်းအမျိုးအစား | အရေအတွက် | ကြမ်းခင်းဈေး (ကျပ်) | စားပွဲတင် အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၂၁ | ဗဟိုဈေးကြီးစက်ဘီးအပ် | ၁ | ၃၀၆၃၅၀၀၀ | ၁၅၃၁၇၅၀၀ | ဈေးပြိုင်စနစ် |
| ၂၂ | ဘုရင့်နောင်ဈေးစက်ဘီးအပ် | ၁ | ၁၅၄၀၀၀၀၀ | ၇၇၀၀၀၀၀ | ဈေးပြိုင်စနစ် |
| ၂၃ | ဘုရားဈေးစက်ဘီးအပ် | ၁ | ၉၅၃၉၂၀၀ | ၄၇၆၉၆၀၀ | ဈေးပြိုင်စနစ် |
| ၂၄ | မြို့ရွာဝင်ကုန်စည်ခွန် | ၁ | ၉၀၃၁၀၀၀ | ၄၅၁၅၅၀၀ | ဈေးပြိုင်စနစ်ဖြင့် ပူးတွဲရောင်းချမည် |
| ၂၅ | ယာဉ်ရပ်နားစခန်းဝင်ကြေး | ၁ | ၆၇၈၇၀၀၀ | ၃၃၉၃၅၀၀ | |
| ၂၆ | မြို့တွင်းရပ်နားဘီးခွန် | ၁ | ၁၂၇၈၂၀၀၀ | ၆၃၉၁၀၀၀ | |
| ၂၇ | သပြေစမ်းဝန်ထမ်းအိမ်ရာဈေးစက်ဘီးအပ်လိုင်စင် | ၁ | ၂၈၂၇၀၀၀ | ၁၄၁၃၅၀၀ | ဈေးပြိုင်စနစ် |

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် (၂၀၂၅ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၂၆ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိ တစ်နှစ်တာကာလ) အတွက် သက်တမ်းတိုးစနစ်ဖြင့် ဆောင်ရွက်မည့်

အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လေလံတင်ရောင်းချမည့် လုပ်ငန်းအမျိုးအစား | အရေ အတွက် | ကြမ်းခင်းဈေး (ကျပ်) | စားပွဲတင် အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျွန်းကုန်းအပေါင်ဆိုင် | ၁ | ၁၈၁၅၀၀၀ | ၉၀၇၅၀၀ | |
| ၂ | ကေတုမတီမြို့သစ်အပေါင်ဆိုင်(၃) | ၁ | ၂၁၆၇၀၀၀ | ၁၀၈၃၅၀၀ | |
| ၃ | ကေတုမတီမြို့သစ်အပေါင်ဆိုင်(၄) | ၁ | ၁၇၁၆၀၀၀ | ၈၅၈၀၀၀ | |
| ၄ | နှစ်ဆောင်ပြိုင်(မဟင်)ကျေးရွာအပေါင်ဆိုင် | ၁ | ၁၁၃၃၀၀၀ | ၅၆၆၅၀၀ | |
| ၅ | ရပ်ကွက်(၁)အပေါင်ဆိုင် | ၁ | ၁၀၈၉၀၀၀ | ၅၄၄၅၀၀ | |
| ၆ | ရပ်ကွက်(၂)အပေါင်ဆိုင်(၁) | ၁ | ၁၀၀၁၀၀၀ | ၅၀၀၅၀၀ | |
| ၇ | ရပ်ကွက်(၂)အပေါင်ဆိုင်(၂) | ၁ | ၁၁၂၂၀၀၀ | ၅၆၁၀၀၀ | |
| ၈ | ရပ်ကွက်(၂)အပေါင်ဆိုင်(၃) | ၁ | ၁၀၆၇၀၀၀ | ၅၃၃၅၀၀ | |
| ၉ | ရပ်ကွက်(၄)အပေါင်ဆိုင်(၁) | ၁ | ၁၁၂၂၀၀၀ | ၅၆၁၀၀၀ | |
| ၁၀ | ရပ်ကွက်(၄)အပေါင်ဆိုင်(၂) | ၁ | ၇၃၃၀၀၀ | ၃၆၆၅၀၀ | |
| ၁၁ | ရပ်ကွက်(၅)အပေါင်ဆိုင် | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၁၂ | ရပ်ကွက်(၈)အပေါင်ဆိုင် | ၁ | ၁၀၀၁၀၀၀ | ၅၀၀၅၀၀ | |
| ၁၃ | ရပ်ကွက်(၉)အပေါင်ဆိုင် | ၁ | ၁၀၀၁၀၀၀ | ၅၀၀၅၀၀ | |
| ၁၄ | ရပ်ကွက်(၁၃)အပေါင်ဆိုင်(၁) | ၁ | ၁၀၈၉၀၀၀ | ၅၄၄၅၀၀ | |
| ၁၅ | ရပ်ကွက်(၁၃)အပေါင်ဆိုင်(၂) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၁၆ | ရပ်ကွက်(၁၄)အပေါင်ဆိုင်(၁) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၁၇ | ရပ်ကွက်(၁၅)အပေါင်ဆိုင်(၁) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၁၈ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၁) | ၁ | ၁၀၈၉၀၀၀ | ၅၄၄၅၀၀ | |
| ၁၉ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၂) | ၁ | ၁၁၂၂၀၀၀ | ၅၆၁၀၀၀ | |
| ၂၀ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၄) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |

| စဉ် | လေလံတင်ရောင်းချမည့် လုပ်ငန်းအမျိုးအစား | အရေအတွက် | ကြမ်းခင်းဈေး (ကျပ်) | စားပွဲတင် အာမခံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| ၂၁ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၅) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၂၂ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၈) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၂၃ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၉) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၂၄ | ရပ်ကွက်(၁၆)အပေါင်ဆိုင်(၁၀) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၂၅ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၁) | ၁ | ၁၀၈၉၀၀၀ | ၅၄၄၅၀၀ | |
| ၂၆ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၂) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၂၇ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၄) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၂၈ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၅) | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၂၉ | ရပ်ကွက်(၁၇)အပေါင်ဆိုင်(၆) | ၁ | ၈၁၄၀၀၀ | ၄၀၇၀၀၀ | |
| ၃၀ | ရပ်ကွက်(၁၉)အပေါင်ဆိုင် | ၁ | ၇၃၇၀၀၀ | ၃၆၈၅၀၀ | |
| ၃၁ | ရပ်ကွက်(၂၃)အပေါင်ဆိုင်(၁) | ၁ | ၁၁၂၂၀၀၀ | ၅၆၁၀၀၀ | |
| ၃၂ | ရပ်ကွက်(၂၃)အပေါင်ဆိုင်(၂) | ၁ | ၉၁၃၀၀၀ | ၄၅၆၅၀၀ | |
| ၃၃ | ကံရိုးကျေးရွာအပေါင်ဆိုင် | ၁ | ၉၁၃၀၀၀ | ၄၅၆၅၀၀ | |